**အမေရိကန်နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီ**

**(U.S Agency For International Development)**

**ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ**

**နှစ်ပတ်လည်စီမံကိန်းကြေငြာချက် (APS)**

**APS No: 7200AA19APS00007**

| | | | |
|---|---|---|---|
| မူလကြေငြာချက်ထုတ်ပြန်သည့်ရက်စွဲ | ။ | ။ | ၁၀/၀၄/၂၀၁၉ |
| မူလကြေငြာချက်ကို ပြင်ဆင်သည့်ရက်စွဲ | ။ | ။ | ၀၃/၁၂/၂၀၁၉ |
| နောက်ဆုံးလျှောက်ထားရမည့်နေ့ | ။ | ။ | ၀၉/၀၄/၂၀၂၀ |

CFDA # : 98.001

**<u>စိတ်ဝင်စားသော လျှောက်ထားလိုသူများ ကျေးဇူးပြု၍ ဤကြေငြာချက်ကို ဖတ်ရှုပေးပါရန်</u>**

ဤဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး (APS)သည် လျှောက်လွှာများ သို့မဟုတ် အဆိုပြုလွှာများကို တောင်းဆိုခြင်း မဟုတ်ပါ။ ထို့အပြင် ယခု APS သည် ‘‘ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးဆိုင်ရာ’’ လုပ်ငန်းအဆိုပြုချက်များ (concepts)ကို အယူအဆ အမြင်သဘောထားများ တောင်းခံသည့် ယေဘူယျ ကြေငြာချက်တစ်ခု မဟုတ်ပါ။ Concept များကို LLD-APS e usaid.gov သို့ အီးမေးလ်မပို့ပါနှင့်။ concept များကို LLD-APS@usaid.gov သို့ အီးမေးလ် မပို့ပါနှင့်။ ထို့အပြင် concept များကို grant.gov မှတဆင့် ပေးပို့ မတင်ပြပါနှင့်။ ထိုသို့ ပေးပို့

တင်ပြလာသည်များကို လက်ခံစဉ်းစားပေးလိမ့်မည်မဟုတ်ပါ။ စိတ်ဝင် စားသော လျှောက်ထားလိုသူများသည် ''နောက်ဆက်တွဲဖြည့်စွက်ကြေငြာချက်''ဟု ခေါ်သော သက်ဆိုင်ရာနိုင်ငံ (သို့မဟုတ်) နိုင်ငံများအလိုက် USAID ၏ ဦးစားပေးလုပ်ငန်းများကို ဝေမျှထားသည့် သီးသန့်ဖော်ပြကြေငြာချက်များအရ လျှောက်ထားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့သော ကြေငြာချက်များကို တစ်နှစ်တာအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ၎င်းတို့ကို grants.gov တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ ၎င်း ကြေငြာချက်များ ထုတ်ပြန်ပြီးသည့်အခါ grant.gov ဝက်ဘ်ဆိုက်ရှိ ''ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး APS'' page တွင် ''သက်ဆိုင်ရာ ဆီလျော်သော စာရွက်စာတမ်းနှင့် ကြေငြာချက်များ'' အောက်၌ သွားရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ မိတ်ဆွေ၏ နိုင်ငံနှင့် လုပ်ငန်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် လိုက်လျောညီထွေရှိမည့် ငွေကြေးထောက်ပံ့မှုအခွင့်အလမ်းများကို သိရှိနိုင်ရန် ၎င်း page ကို ကျေးဇူးပြု၍ ပုံမှန်သွားရောက်ကြည့်ရှုလေ့လာပါ။

# မာတိကာ


အခန်း(၁) ။ ။ APS နှင့် ပတ်သက်ပြီး ဖော်ပြချက်

အခန်း(၂) ။ ။ လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း

အခန်း(၃) ။ ။ လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက်များ

အခန်း(၄) ။ ။ ဒေသခံရင်းမြစ်များ

အခန်း(၅) ။ ။ ငွေကြေးထောက်ပံ့ခြင်း

အခန်း(၆) ။ ။ ကိုယ့်အားကိုယ်ကိုးနိုင်ရေးအတွက် ထောက်ပံ့ငွေပမာဏကို စဉ်းစား သုံးသပ်ခြင်း

အခန်း(၇) ။ ။ USAID OUs များအတွက် နောက်ဆက်တွဲ ဖြည့်စွက်ကြေငြာချက်နှင့် လုပ်ငန်းရပ်များကို တွဲဖက်အတူ ဖန်တီးဖော်ဆောင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်

အခန်း(၈) ။ ။ Concept တင်ပြလျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် လျှောက်ထားလိုသူများအတွက် ဆက်လက်ဆောင်ရွက်ရန် အဆင့်များ။

အခန်း(၉) ။ ။ Concept ကို လေ့လာသုံးသပ်မည့် စံသတ်မှတ်ချက်များ

အခန်း(၁၀) ။ ။ Concept များကို ဝေမျှခြင်း

Attachment A ။ ။ Concept ပုံစံနှင့် ညွှန်ကြားချက်များ

**<u>အခန်း (၁)။ ။ APS နှင့် ပတ်သက်ပြီး ဖော်ပြချက်</u>**

ပြင်ဆင်ပြီးဖြစ်သော ၁၉၆၁ နိုင်ငံရပ်ခြားကူညီထောက်ပံ့ရေးဥပဒေ (Foreign Assistance Act of 1961) အရ အမေရိကန်အစိုးရကို အမေရိကန်နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီ (USAID) ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဗျူရို (E3)၊ ဒေသခံများက မိမိဖာသာ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရေးဆိုင်ရာရုံး (E3/LS) က ကိုယ်စား ပြုကာ အမျိုးအစားစုံလင်သော ဒေသခံများထံမှ ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့်အထောက်အပံ့များပေးနိုင်ရေးအတွက်များ concept များ လျှောက်ထားရန် ဖိတ်ခေါ်ပါသည်။

ဒေသခံများက ဦးဆောင်သောဖွံ့ဖြိုးရေးဆိုသည်မှာ ဒေသခံဆောင်ရွက်လုပ်ရှားသူများက ဦးစားပေးရမည့် အရာများချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ စီမံခန့်ခွဲရေး၊ တိုင်းတာရေးနှင့် အခြား လုပ်ငန်းစဉ်များတွင် ဦးဆောင်ရန် လုပ်ပိုင်ခွင့်တွန်းအားပေးခြင်းဖြင့် ဖွံ့ဖြိုးရေးအကူအညီအထောက် အပံ့များက စနစ်များနှင့် ဖွံ့ဖြိုးရေးရလဒ်များကို တိုးတက်စေမည်ဟု ဆိုလိုပါသည်။ ၎င်းသည် USAID ၏ တာဝန်၊ မျှော်မှန်းချက်နှင့် တန်ဖိုးထားမှုများ ဖြစ်သော ‘‘မိမိတို့၏ ရည်ရွယ်ချက်မှာ လုပ်ဖော် ကိုင်ဖက်အဖွဲ့အဖွဲ့အစည်း Partners တို့ကို မိမိကိုယ့်ကိုအားကိုးလာရေးနှင့် ၎င်းတို့၏ ကိုယ်ပိုင် ဖွံ့ဖြိုးရေး ခရီးလမ်းကို ပံ့ပိုးမည်’’ဆိုသည်၏ အဓိက ရည်ရွယ်ချက်တစ်ခုဖြစ်ပါသည်။ (https://www.usaid.gov/who-we-are/mission-vission-values)။

ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးကို သီးသန့်ထောက်ပံ့ရန် ထုတ်ပြန်သော ဤဒေသခံ များက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ နှစ်ပတ်လည် စီမံကိန်းကြေငြာချက် (APS)မှ

တဆင့် နိုင်ငံရပ်ခြား ကူညီထောက်ပံ့ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရသော USAID Operating Units (OUs: Missions, Bureaus, or Independent Office) များသည် ဒေသခံ ဆောင်ရွက်လှုပ်ရှားသူများက ဦးဆောင်သောဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ချဉ်းကပ်မှုများကို အထောက် အကူပြုသည့် ''လွယ်ကူစွာ အသုံးချနိုင်သော လုပ်ငန်းဆောင်ရွက်ပုံ''တစ်ခုကို အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါသည်။ တချိန်ထဲတွင် အမျိုးသားလုံခြုံရေးကို မြှင့်တင်ခြင်း၊ အမေရိကန်၏ စံနှုန်း နှင့် အလေးထားမှုများကို ပြန့်ပွားတိုးတက်စေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကြီးပွားချမ်းသာရေးနှင့် မိမိကိုယ်ကို အားကိုးနိုင်ရေးတို့ကို ပံ့ပိုးပေးခြင်းစသည့် အမေရိကန်နိုင်ငံခြားမူဝါဒ ရည်မှန်းချက်များ ကို ထိန်းသိမ်းလျှက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခု APS မှ ထွက်ပေါ်လာမည့် ငွေကြေး ထောက်ပံ့မှုများက ဒေသခံ ဆောင်ရွက်လှုပ်ရှားသူများကို ၎င်းတို့၏ ရပ်ရွာနိုင်ငံများ သို့မဟုတ် ဒေသ များအတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို ဖော်ထုတ် ဖြေရှင်းရာ တွင် ဦးဆောင်နိုင်ရန် အားပေးကူညီခြင်းဖြင့် ''ကိုယ့်အားကိုယ်ကိုးရေးဆီသို့ ခရီးလမ်း The Journey to self – Reliance ကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ (https://www.usaid.gov/selfreliance)

ထို့အပြင် APS က စနစ်ပိုင်း ဆိုင်ရာ နားလည်မှုအားလုံးအကြား တူညီစေရန်၊ ပူးပေါင်း ဆောင်ရွက်ခြင်း၊ သင်ယူခြင်း၊ အခြေအနေတစ်ရပ်ကို မူတည်ပြီး သိစေရန်နှင့် လိုက်လျောညီထွေ ဖြစ်အောင် ပြုလုပ်ထားသည့်ပုံစံနှင့် စီမံခန့်ခွဲမှုစသည်တို့နှင့် ပတ်သက်ပြီး USAID ၏ မူဝါဒ၊ လမ်းညွှန်မှုနှင့် ထပ်မံထွက်ပေါ်လာသော လက်တွေ့ဆောင်ရွက်ရန်များအပေါ် မူတည်ပြီး ကြိုးစား ဆောင်ရွက်ပါသည်။ APS က USAID ၏ ဒေသခံလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်း များနှင့်အတူ လက်တွဲလုပ်နိုင်ရန် စွမ်းရည်ကို မြှင့်တင်ရန်၊ ၎င်းထိတွေ့ဆက်ဆံမှုများမှ သင်ယူရန်နှင့် ၎င်းသင်ယူမှု

များကို ကျယ်ပြန့်စွာ ဝေမျှရန် ရည်ရွယ်ပါသည်။ ဤ APS သည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပြီး၊ ကဏ္ဍရပ်အားလုံးတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိကြသော ဒေသခံဆောင်ရွက်လုပ်ရှားသူများကို ကြိုဆိုပါသည်။ ဤ APS အရ USAID သည် ''ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး'' ဖြစ်ထွန်းမှု ကို အားပေးရန် ပြောင်းလွယ်ပြင်လွယ်ရှိသော တီထွင်စမ်းသစ်သောနှင့် စမ်းသပ်လေ့လာမှုကို အလေးထားသော ချဉ်းကပ်မှုများကို ကျယ်ပြန့်စွာ အထောက်အပံ့ပေးရန် ဆန္ဒရှိပါသည်။

**<u>အခန်း(၂)။ ။ လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း</u>**

USAID သည် ၎င်းတို့၏ ရပ်ရွာပတ်ဝန်းကျင်၊ နိုင်ငံများနှင့် ဒေသများတွင် ကြုံတွေ့နေရသော ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို နားလည်စေမည့် အမျိုးမျိုးသော ဒေသခံ ဆောင်ရွက်လုပ်ရှားသူ များ သို့မဟုတ် ၎င်းတို့၏ ချဉ်းကပ်မှုများတွင် ဒေသခံဦးစားပေးမှုများကို ဆုံးဖြတ်နိုင်သည့် ဒေသခံ ဆောင်ရွက်လုပ်ရှားသူများထံမှ လျှောက်ထားလာမည့် concept များကို ကြိုဆိုပါသည်။ လျှောက် ထားမည့်သူများတွင် အောက်ပါအရည်အချင်းများ ရှိရပါမည်။

၁။ ဒေသခံလုပ်ရှားဆောင်ရွက်သူများ ဖြစ်ရပါမည်။ ယခု APS အတွက် အဖွဲ့အစည်း တစ်ရပ်သည် ဒေသခံဆောင်ရွက်လုပ်ရှားသူ ဟုတ်မဟုတ်ကို USAID က အောက်ပါအချက်များကို ကြည့်ပြီး ဆုံးဖြတ်မည်။

(က) သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေအရ တရားဝင် ဖွဲ့စည်းထားခြင်း ဟုတ်မဟုတ်

(ခ) သက်ဆိုင်ရာနိုင်ငံတွင် အဓိက လုပ်ငန်းဆောင်ရွက်သောနေရာ ရှိမရှိ

(ဂ) သက်ဆိုင်ရာ နိုင်ငံ၏ တရားဝင်နိုင်ငံသားများက အများစု ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားခြင်း ရှိမရှိ

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်နိုင်ငံသား သို့မဟုတ် ဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရသော လူအများစုက စီမံအုပ်ချုပ်ခြင်း ဟုတ်မဟုတ်

(င) တခြားနိုင်ငံများတွင် စီမံချက်များ၊ ရုံးများ (နှင့်/ သို့မဟုတ်) မှတ်ပုံတင်ထားခြင်း ရှိမရှိအပြင် အဓိက စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ နိုင်ငံတွင် ရှိသော ရုံးက တာဝန်ယူ သလား သို့မဟုတ် တခြားက ပြုလုပ်သလား။

၂။ လွန်ခဲ့သော ငါးနှစ်အတွင်း USAID ထံမှ ဒေါ်လာ ၅ မီလီယံထက် ကျော်လွန်ပြီး တိုက်ရိုက်ထောက်ပံ့ငွေ လက်ခံ မရရှိနိုင်ပါ။

၃။ အမေရိကန်ပြည်ထောင်စု အခြေပြု အဖွဲ့အစည်း မဖြစ်ရပါ။ အမေရိကန်ပြည်ထောင်စု အခြေပြု အဖွဲ့အစည်းများသည် ယခု APS အရ ထောက်ပံ့ငွေ ရယူနိုင်မည့် မူလအဖွဲ့အစည်းအဖြစ် အကျုံးမဝင်ပါ။

**(USAID သည် ၎င်းနှင့် ယခင် အလုပ်အတူ မလုပ်ခဲ့ဖူးသော ဒေသခံအဖွဲ့အစည်းများကို လျှောက်ထားရန် အထူးသဖြင့် တိုက်တွန်းအားပေးပါသည်။)**

အောက်ဖော်ပြပါ အမေရိကန်ပြည်ထောင်စုမှ မဟုတ်သော အဖွဲ့အစည်းများကို လျှောက်ထားရန် တိုက်တွန်းပါသည်။ ၄င်းမှာ အတိအကျ ပြုစုထားသော စာရင်းမဟုတ်ပါ။ နမူနာအဖြစ် သိသာစေရန် ဖော်ပြ ပါသည်။

- ရပ်ရွာလူထုအခြေပြုအဖွဲ့များ

- တက္ကသိုလ်နှင့် ကောလိပ်များ

- သမဝါယမအဖွဲ့များ

- ဘာသာရေးအခြေပြုအဖွဲ့အစည်းများ

- ပရဟိတအဖွဲ့အစည်းများ

- အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)

- ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ

- ကုန်သွယ်ရေးဆိုင်ရာအဖွဲ့အစည်းများ

**<u>အခန်း(၃)။ ။ လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက်များ</u>**

ဒေသခံ ဆောင်ရွက်လုပ်ရှားသူများသည် USAID နှင့်အတူ အလုပ်လုပ်ကာ ချဉ်းကပ်မှုများမှ စမ်းသပ်ခြင်း၊ လေ့လာသင်ယူခြင်းဖြင့် ဖွံ့ဖြိုးမှု အကျိုးသက်ရောက်ခြင်းဖြစ်အောင် ယခု APS ကို ဖန်တီးဖော်ဆောင်ထားပါသည်။ ချဉ်းကပ်မှုများတွင် အောက်ဖော်ပြပါတို့အနက် အနည်းဆုံးတစ်ခု ပါဝင်ရမည်။

၁။ **စီမံကိန်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို တိုးတက်စေရန် သတင်းအချက်အလက်သည် ဒေသခံဆောင်ရွက်လုပ်ရှားသူ၊ လက်တွဲဆောင်ရွက်သူများနှင့် USAID တို့အကြား ဘက်ပေါင်းစုံမှ စီးဆင်း ပျံ့နှံ့စေရေး သေချာစေသည့် သုံးသပ်ချက် တုန့်ပြန်ချက်ပေးသော လုပ်ငန်းစဉ်**

၂။ မိမိတို့လုပ်ငန်း ဆောင်ရွက်နေသော ရှုပ်ထွေးသည့်ပတ်ဝန်းကျင် အခြေအနေများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်လာစေနိုင်မည့် **စနစ်နှင့် ကွန်ယက်အခြေပြုပိုင်းခြား စိတ်ဖြာသုံးသပ်ရေး ချဉ်းကပ်မှုများ။**

၃။ ဒေသခံများဦးဆောင်သော ဦးစားပေးအရာများဆုံးဖြတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းနှင့် အထက်မှချုပ်ကိုင်မှုများလျော့ချပြီး ဒေသခံဦးဆောင်မှုပါဝင်သော အခြားနည်းလမ်းများ ပါဝင်သည့် **အားလုံးပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက်ချခြင်း။**

၄။ ဒေသခံတို့၏ လိုအပ်ချက်ကို ဒေသတွင်းရင်းမြစ်များဖြင့် ချိတ်ဆက်ပေးရန် **ဒေသခံ ကွန်ယက်များကို အားကောင်းစေခြင်း။**

၅။ ဒေသခံအောင်မြင်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဦးစားပေးသည့် ဒေသခံတာဝန်ယူမှု၊ လုပ်ငန်း ဒီဇိုင်းအတွက် ဦးစားပေးသည့် **ဒေသခံတာဝန်ယူမှု၊ လုပ်ငန်းဒီဇိုင်းအတွက် ချဉ်းကပ်မှုများ၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် သင်ယူလေ့လာခြင်း။**

၆။ ရေရှည်တည်တံ့သည့် ရလဒ်များ နိုင်ငံခြားအကူအညီမပါဘဲ ရနိုင်အောင် ဒေသခံ အဖွဲ့အစည်းများနှင့် ဒေသခံဆောင်ရွက်လှုပ်ရှားသူများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းပါဝင်သည့် **မဟာဗျူဟာမြောက်အသွင်ကူးပြောင်းရေးကို ထောက်ပံ့ခြင်း။**

## <u>အခန်း(၄)။ ။ ဒေသခံရင်းမြစ်များ</u>

ယခု APS သည် ထောက်ပံ့ငွေ ရရှိပြီး လုပ်ငန်းလုပ်ဆောင်နေစဉ်အချိန်ရော ထိုသို့ရရှိပြီး လုပ်ဆောင်သည့် အလုပ်များ ပြီးသည့်နောက်ပိုင်းတွင်ပါ အဆိုပြုထားသော ချဉ်းကပ်မှုများအတွက် အားကောင်းသော ဒေသခံ အားပေးထောက်ပံ့မှုရရှိရေး သေချာစေရန် USAID ၏ အထောက်အပံ့ရော ဒေသခံရင်းမြစ်များပါ နှစ်ခုလုံး ပူးတွဲဆောင်ရွက်ရသည့် လုပ်ငန်းများကို ထောက်ပံ့အားပေးပါသည်။ ဤ APS ၏ နောက်ဆက်တွဲ ကြေငြာချက်အရ နိုင်ငံ၏ အခြေအနေနှင့် သင့်လျော်သော ဒေသခံရင်းမြစ်များပါဝင်ရန် OU များသည် ချဉ်းကပ်မှုတစ်ခု သို့မဟုတ် တစ်ခုထက်မက ပူးပေါင်းထားမှုကို လိုကိုလိုအပ်ပါသည်။ ဤနေရာတွင် ဒေသခံ အထောက်အပံ့ရရှိသူတို့သည် နိုင်ငံတကာမှ အလှူရှင် များ၏ ထောက်ပံ့မှုအပြင် ဒေသခံရင်းမြစ်များ ဖြစ်ထွန်းလာစေရန် (သို့မဟုတ်) အားကောင်းလာ စေရန် ၎င်းတို့၏ စွမ်းရည်ကို တိုးမြှင့်စေသော လုပ်ငန်းကုန်ကျစရိတ် ဝေမျှကျခံခြင်း၊ အားကောင်း လာအောင် ဆောင်ရွက်ခြင်းနှင့်/သို့မဟုတ် ဆောင်ရွက်ချက်တစ်ရပ်ရပ် စသည်တို့ ပါဝင်နိုင်ပါသည်။

**<u>အခန်း(၅)။ ။ ငွေကြေးထောက်ပံ့ခြင်း</u>**

ယခု APS သည် သီးသန့်ရန်ပုံငွေ တစ်ရပ်ရပ်က ထောက်ပံ့ခြင်းမဟုတ်ပါ။ ဤ APS အရ လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ခြင်းကို သက်ဆိုင်ရာ USAID OU များက တောင်းခံမည် ဖြစ်ပြီး လျှောက်ထားသူများက ပူးပေါင်းဆောင်ရွက်ကာ လုပ်ငန်းအဆိုပြုလွှာ အကျဉ်းချုပ်များကို တင်ပြ လျှောက်ထားမည် ဖြစ်ပါသည်။

USAID သည် ယခု APS သို့ တင်ပြလျှောက်ထားလာသည့် လျှောက်ထားသူ မည်သည့်အဖွဲ့ အစည်းကိုမဆို ဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းတစ်ဖွဲ့မှကိုပင်ဖြစ်စေ ရန်ပုံငွေမထောက်ပံ့နိုင်ခွင့် ရှိပါသည်။ အလားအလာရှိပြီး လိုအပ်သော အထောက်အပံ့ အရင်းအမြစ်များအတွက် ရနိုင်ခြေ

ရှိကြောင်း ဆုံးဖြတ်ချက်သည် လျှောက်လွှာအပြည့်အစုံတင်သည့်အခါ ငွေကြေးထောက်ပံ့မှုပေးမည့် ကတိကဝတ် မဟုတ်ပါ။

**<u>အခန်း(၆)။ ။ ကိုယ့်အားကိုယ်ကိုးနိုင်ရေးအတွက် ထောက်ပံ့ငွေပမာဏကို စဉ်းစားသုံးသပ်ခြင်း</u>**

''ကိုယ့်အားကိုယ်ကိုးရေးဆီသို့ ခရီးလမ်း''၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံရပ်ခြားမှ အထောက်အပံ့သည် ဒေသခံ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် ဖြေရှင်းရန် နည်းလမ်းတို့ကို အစီအမံချမှတ်ကာ ဘဏ္ဍာငွေ ထောက်ပံ့အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသခံ စွမ်းဆောင်ရည်ကို အကျိုးပြုရန် USAID က သေချာစေရမည်ဖြစ်သည်။ (https//www.usaid.gov/policy framework/documents/1870/policy-framework-summary) ဒေသခံအဖွဲ့အစည်းတစ်ရပ်ကို အထောက်အပံ့များ ပုံအောပေးလိုက်သောကြောင့် ထိုအဖွဲ့သည် သဘာဝမကျစွာ လွန်စွာ ကြီးထွားသွားပြီ ထောက်ပံ့မှုပြီးဆုံးသွားသောအခါ ရေရှည် ဆက်လက်ရပ်တည် မဆောင်ရွက်နိုင်တော့သည့် အခြေစိုက်သွားပါလျှင် အလှူရှင်များသည် အမျှော်အမြင်မရှိရာ ကျပေသည်။ ယခု APS အရ OU များရော ဒေသခံအဖွဲ့အစည်းများပါ သင့်တော်သော ထောက်ပံ့ငွေပမာဏကို ဆုံးဖြတ်ရန် တာဝန်ယူရပါမည်။ ဤ APS အရ ပေးသော ထောက်ပံ့ငွေသည် ထိုငွေကို လက်ခံယူသည့်အဖွဲ့က ဒေသခံအခြေအနေတစ်ရပ်တွင် ကြီးထွားလာအောင် ရေရှည်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်ထက် မကျော်လွန်အောင် OUs များက သေချာစေရမည် ဖြစ်ပါသည်။ (၎င်းကို အဖွဲ့အစည်းတစ်ရပ်၏ မိမိ ဘာသာရပ်တည်ပြီး တီထွင်ကြံဆ ဆောင်ရွက်နိုင်မှုစွမ်းရည်ဟုလည်း ဆိုနိုင်ပါသည်။) ဤသို့ ဆောင်ရွက်ရာတွင် အတူတကွ ညီတူမျှတူ လုပ်ငန်းဆောင်ရွက်ကြသည့် လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည့် အားလျော်စွာ လျှောက်ထားသူများကလည်း မိမိအဖွဲ့၏ လက်ရှိရင်းမြစ်များ၊ ဆက်လက် ဖွံ့ဖြိုး

ကြီးထွားအောင် ဆောင်ရွက်နိုင်စွမ်း စသည်တို့နှင့် လိုက်လျောညီထွေသော အသုံးစရိတ်ကို တောင်းခံရပါမည်။ OUs က မည်မျှ ထောက်ပံ့မည်ဆိုသော အဆုံးသတ်ဆုံးဖြတ်ချက်သည် ထောက်ပံ့ငွေမပေးခင် အကြိုပြုလုပ်သော စစ်တမ်း၏ ရလဒ်ပေါ်တွင် မူတည်ပါသည်။

ဤ APS အရ ထောက်ပံ့ငွေကို တစ်ခုလျှင် ပမာဏ အလွန်မကြီးစေဘဲ ဒေသခံ အဖွဲ့အစည်းနှင့် အဖွဲ့တစ်ခု ပူးပေါင်းထားသော အဖွဲ့အတော်များများကို ပေးနိုင်အောင် ဆောင်ရွက် ရန် OUs များကို တိုက်တွန်းလိုပါသည်။

အဖွဲ့အစည်းတစ်ရပ်ကို USAID OUs က ထောက်ပံ့ငွေပေးအပ်မှု အကြိမ်မည်မျှရှိရမည်ဟု ယခု APS က သတ်မှတ်ထားခြင်း မရှိပါ။ သို့သော်လည်း အဖွဲ့အစည်းတစ်ခုသည် OU တစ်ခုက ထုတ်ပြန်မည့် နောက်ဆက်တွဲ ကြေငြာချက်တစ်ခုအတွက် လုပ်ငန်းအဆိုပြုလွှာ အကျဉ်းချုပ်တစ်ခုကိုသာ လျှောက်ထား နိုင်မည်ဖြစ်ပါသည်။

**<u>အခန်း(၇)။ ။ USAID OUs များအတွက် နောက်ဆက်တွဲ ဖြည့်စွက်ကြေငြာချက်နှင့် လုပ်ငန်းရပ်များကို တွဲဖက်အတူဖော်ဆောင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်</u>**

OUs များက OU တစ်ခုချင်းဆီနှင့် သက်ဆိုင်သော ဒေသခံများက ဦးဆောင်သည့် ချဉ်းကပ်မှုများအတွက် concepts များကို ဤ APS အတွက် OU တစ်ခုချင်းစီ၏ သီးသန့် နောက်ဆက်တွဲကြေငြာချက်များကို ထုတ်ပြန်ခြင်းဖြင့် တောင်းခံပါသည်။ နောက်ဆက်တွဲကြေငြာချက်များကို E3/LS နှင့် ပူးပေါင်းပြီး ရေးသားပါသည်။ E3/LS အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက နောက်ဆက်တွဲ ကြေငြာချက်တစ်ခုစီအတွက် လျှောက်လွှာအပြည့်အစုံကို ရွေးချယ်ရေးကော်မတီတွင် ပါဝင်ပါသည်။

နောက်ဆက်တွဲ ကြေငြာချက်ကို ထုတ်ပြန်လိုသော OUs များသည် Locally Led Development APs Activity Manager ထံ အီးမေးလ်လိပ်စာ LLD-APS@usaid.org မှတဆင့် ဆောလျင်စွာ ဆက်သွယ်ရပါမည်။ Activity Manager က OUs ထည့်သွင်းဖော်ပြရမည့် သတင်းအချက်အလက်နှင့် အကြောင်းအရာများကို ဖော်ပြထားသော ''နောက်ဆက်တွဲကြေငြာချက်''ပုံစံကို ပေးပါလိမ့်မည်။ E3/LS က အဆိုပြုလာသော နောက်ဆက်တွဲ ကြေငြာချက်တစ်ခုစီကို Locally Led Development APS နှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် သုံးသပ်ပြီး အတည်ပြုပါမည်။ OU သည် ၎င်း၏ နောက်ဆက်တွဲ ကြေငြာချက်တွင် concepts များကို စာဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း သို့မဟုတ် နည်းလမ်းနှစ်ခုစလုံးဖြင့်သော်လည်းကောင်း မည်သို့ တင်ပြမည်ကို သေချာစွာ ဖော်ပြရပါမည်။ OUs များကို နောက်ဆက်တွဲ ကြေငြာချက်အား သက်ဆိုင်ရာ ဒေသခံဘာသာစကားသို့ ပြန်ဆိုရန် တိုက်တွန်းလိုပါသည်။ ဒေသခံအဖွဲ့အစည်းများ လျှောက်ထားချိန် အပြည့်အဝရရန် E3/LS များက အချိန် လေးပတ်ထက် မနည်းပေးရန် လိုအပ်ပါသည်။ ခြောက်ပတ်နှင့် အထက် အချိန်ပေးရန်လည်း အကြံပြုလိုပါသည်။

တင်ပြလာသော concept အပေါ် မူတည်ပြီး OU က မည်သည့်လျှောက်ထားသူနှင့်မဆို လုပ်ငန်းရပ်တစ်ခု (သို့မဟုတ်) လုပ်ငန်းရပ်များ ပါဝင်သည့် လုပ်ဆောင်ချက်တစ်ရပ်အတွက် တွဲဖက်အတူ ဖန်တီးဆောင်ရွက်ရန် သင့်မသင့် ဆုံးဖြတ်ပါမည်။ အကယ်၍ OU က လျှောက်ထားချက် အပြည့်အစုံကို လက်ခံသဘောတူသည်ဆိုပါက OU သည် လျှောက်ထားသော အဖွဲ့အစည်းကို လျှောက်ထားချက် အပြည့်အစုံနှင့်ဆိုင်သော ညွှန်ကြားချက် သို့မဟုတ် ပုံစံ (နှစ်ခုလုံးလည်း ဖြစ်နိုင်သည်)ကို ပေးပါမည်။ နှုတ်အားဖြင့်သော်လည်းကောင်း အခြားတီထွင်ဖန်တီး ဆန်းသစ်ထားသော

ပုံစံများဖြင့်လည်းကောင်း လျှောက်ထားချက် အပြည့်အစုံကို တင်ပြခွင့်ပြုရန် OU များကို တိုက်တွန်းပါသည်။ လျှောက်ထားချက်အပြည့်အစုံကို တင်ပြမလျှောက်ထားမီ OU နှင့် လျှောက်ထားသူများသည် လျှောက်ထားချက် အပြည့်အစုံတွင် ပါဝင်သော လုပ်ငန်းများကို ရေရှည်ချဉ်းကပ်ဆောင်ရွက်ရေးအတွက် တွဲဖက်အတူ ဖန်တီးဆောင်ရွက်နိုင်ရန် ဖုန်းဖြင့်သော်လည်းကောင်း၊ အီးမေးလ်၊ ဗီဒီယိုကော စသည်နှင့်သော်လည်းကောင်း၊ နှစ်မျိုးလုံးဖြင့်သော်လည်းကောင်း၊ အချင်းချင်း မကြာခဏဆက်သွယ်ပြောဆိုရပါမည်။

OU တစ်ခုချင်းစီသည် concepts အားလုံးကို လေ့လာသုံးသပ်ကာ  လုပ်ငန်းဆောင်ရွက်ရန်ပါဝင်ပတ်သက်သူ တစ်ဦးထက်မက ပါဝင်ပြီး ကာလတစ်ခုအထိ တွဲဖက် အတူ ဖန်တီးဆောင်ရွက်ရန်အရွေးအချယ်ခံထားရသည့် လျှောက်ထားသူများကို ဖိတ်ခေါ်ရန် ဆုံးဖြတ်ပါမည်။ ထိုအချိန်တွင် ၎င်းတို့က ချဉ်းကပ်မှုများကို ပြန်လည်မွမ်းမံရန် လက်တွဲဆောင်ရွက်ကြပါမည်။ ၎င်းနောက် လျှောက်ထားသည့် တစ်ဖွဲ့ချင်းစီသော်လည်းကောင်း၊ တစ်ဖွဲ့နှင့် အထက်ပူးပေါင်းထားသည့် အစုအဖွဲ့များက OU က စဉ်းစားဆုံးဖြတ်ပေးနိုင်ရန် လျှောက်ထားချက် အပြည့်အစုံကို တင်ပြရပါမည်။

## <u>အခန်း(၈)။ ။ Concept တင်ပြလျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် လျှောက်ထားလိုသူများ အတွက် ဆက်လက်ဆောင်ရွက်ရန် အဆင့်များ။</u>

ယခု APS အရ concept များ တင်ပြခြင်းသည် အလားအလာရှိသည့် လျှောက်ထားသူက သူ၏လုပ်ငန်းအဆိုပြုချက်အတွက် လိုအပ်သော အထောက်အပံ့နှင့် အရင်း အမြစ်များအတွက်ရနိုင်ခြေရှိမရှိကို ထိုသူတို့လျှောက်လွှာ အပြည့်အစုံတင်ရေး အချိန်များစွာ ရင်းနှီး မမြှုပ်နှံမီ USAID က

ဆုံးဖြတ်ပေးရေး အကူအညီပေးနိုင်ရန် ဖြစ်ပါသည်။ အတူတကွ ဖန်တီးခြင်းလုပ်ငန်းစဉ်က ဒေသခံတို့၏ ဦးစားပေးမှုများနှင့် လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်မည့် သူတို့၏ ဗဟုသုတကို အဓိကထားသည့် "လုပ်ငန်းဆောင်ရွက်မှုပုံစံ''ကို ဖြစ်စေပါသည်။

E3/LS သည် တွဲဖက်အတူ ဖန်တီးဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် OUs များကို အကြံ အညဏ်ပေးညှိနှိုင်းဆွေးနွေးခြင်း၊ ပုံစံများ ပံ့ပိုးပေးခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းရပ်များပြီးစီး ဖြစ်မြောက်အောင် ပံ့ပိုးပေးခြင်း စသည့် နည်းလမ်းများဖြင့် ကူညီနိုင်ပါသည်။

ဤဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး (APS)သည် လျှောက်လွှာများ သို့မဟုတ် အဆိုပြုလွှာများကို တောင်းဆိုခြင်း မဟုတ်ပါ။ ထို့အပြင် ယခု APS သည် ''ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးဆိုင်ရာ'' လုပ်ငန်းအဆိုပြုချက်များ (concepts) ကို အယူအဆ အမြင် သဘောထားများ တောင်းခံသည့် ယေဘူယျ ကြေငြာချက်တစ်ခု မဟုတ်ပါ။ Concept များကို LLD-APS e usaid.gov သို့ အီးမေးလ်မပို့ပါနှင့်။ concept များကို LLD-APS@usaid.gov သို့ အီးမေးလ် မပို့ပါနှင့်။ ထို့အပြင် concept များကို grant.gov မှတဆင့် ပေးပို့ မတင်ပြပါနှင့်။ ထိုသို့ ပေးပို့ တင်ပြလာသည်များကို လက်ခံစဉ်းစားပေးလိမ့်မည်မဟုတ်ပါ။ စိတ်ဝင် စားသော လျှောက်ထား လိုသူများသည် ''နောက်ဆက်တွဲဖြည့်စွက်ကြေငြာချက်''ဟု ခေါ်သော သက်ဆိုင်ရာနိုင်ငံ (သို့မဟုတ်) နိုင်ငံများအလိုက် USAID ၏ ဦးစားပေးလုပ်ငန်းများကို ဝေမျှထားသည့် သီးသန့်ဖော်ပြကြေငြာချက် များအရ လျှောက်ထားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့သော ကြေငြာချက်များကို တစ်နှစ်တာအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး ၎င်းတို့ကို grants.gov တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ ၎င်း ကြေငြာချက်များ ထုတ်ပြန်ပြီးသည့်အခါ grant.gov ဝက်ဘ်ဆိုက်ရှိ ''ဒေသခံများက ဦးဆောင်သော

ဖွံ့ဖြိုးရေး APS'' page တွင် ''သက်ဆိုင်ရာ ဆီလျော်သော စာရွက်စာတမ်းနှင့် ကြေငြာချက်များ'' အောက်၌ သွားရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ မိတ်ဆွေ၏ နိုင်ငံနှင့် လုပ်ငန်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် လိုက်လျောညီထွေရှိမည့် ငွေကြေးထောက်ပံ့မှုအခွင့်အလမ်းများကို သိရှိနိုင်ရန် ၎င်း page ကို ကျေးဇူးပြု၍ ပုံမှန်သွားရောက်ကြည့်ရှုလေ့လာပါ။

သီးခြားနောက်ဆက်တွဲ ကြေငြာချက်တစ်ခု လျှောက်လိုသည့် စိတ်ပါဝင်စားသော လျှောက်ထားသူများသည် အောက်ဖော်ပြပါ အဆင့်များအတိုင်း တစ်ဆင့်စီ လုပ်ဆောင်ရပါမည်။ Concept များသည် Attachment A တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ OU သို့ အီးမေးလ်ဖြင့် ပေးပို့ရပါမည်။ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်နေစဉ် ကာလအတွင်း နောက်ဆက်တွဲ ကြေငြာချက်တွင် ဖော်ပြထားသော ဆက်သွယ်ရမည့် ဆိုင်ရာ OU များထံ မေးမြန်းစရာရှိလျှင် ဆက်သွယ်ရန် တိုက်တွန်းလိုပါသည်။

**<u>အဆင့် (၁)</u>** စိတ်ဝင်စားသော အဖွဲ့အစည်းများသည် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး APS အတွက် OU က ထုတ်ပြန်ထားသည့်နောက်ဆက်တွဲ ကြေငြာချက်များတွင် ဖော်ပြပါရှိသည့် အကြောင်းအရာနှင့် စိန်ခေါ်မှုများကို နားလည်စေရန် မိမိဝန်းကျင်ဒေသ အခြေအနေတွင် အလုပ်လုပ်ရသော အတွေ့အကြုံကို ပြန်လည်ဆင်ခြင်စဉ်းစားပြီး လိုအပ်ပါက ထပ်ဆောင်းသုတေသနများ ပြုလုပ်သင့်ပါသည်။

လျှောက်ထားလိုသူများသည် ယခု APS ၏ အခန်း(၂) ''လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့် အရည်အချင်း'' တွင် ဖော်ပြထားသော လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်များ အပါအဝင် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး၏ ချဉ်းကပ်မှုကို

သုတေသနပြုပြီး နားလည်အောင် ကြိုးစားသင့်ပါသည်။ လျှောက်ထားသူများကို ၄င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းအတွင်း ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို သိရှိအောင် ဖော်ထုတ်ပြီး အခြားပါဝင်ပတ်သက်သူများ (Stakeholders)နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ဒေသခံဆောင်ရွက်လှုပ်ရှားသူများသည် ယခု APS အတွက် အပြည့်အဝ ပုံဖော်ရေးဆွဲထား သော စီမံကိန်းကို အဆိုပြုရန် မလိုပါ။ ဒေသခံ အခြေအနေမှ ကိစ္စရပ်များကို ဖော်ထုတ်ပြီး ရရှိသည့် အဖြေများအရ ဆောင်ရွက်သည့် ချဉ်းကပ်နည်းကို အကြံပြုသည့် လုပ်ငန်းစဉ်သည် ယခု APS ၏ ရည်ရွယ်ချက်အတိုင်း အပြည့်အဝဖြစ်ရမည်ဆိုသည်ကို မလိုအပ်ဟု ဆိုလိုခြင်းဖြစ်သည်။ အဖွဲ့ အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့များ အုပ်စုတစ်စုဖွဲ့ပြီး ဆောင်ရွက်ခြင်းများကို အထူးတိုက်တွန်းအားပေးပါသည်။

<u>အဆင့်(၂)</u>။ ။ လျှောက်ထားသူများသည် Attachment A တွင် ပါရှိသည့် လျှောက်ထားသူများအတွက် ‘‘Concept ပုံစံလမ်းညွှန်မှုများ’’ကို လိုက်နာပြီး OU POC ထံသို့ concept ကို တင်ပြလျှောက်ထားရပါမည်။ concepts များကို စာဖြင့် ရေးသား၍ဖြစ်စေ၊ နုတ်ဖြင့်ဖြစ်စေ၊ ပုံစံနှစ်မျိုးစလုံး ပေါင်း၍ ဖြစ်စေ တင်ပြနိုင်သည်။ Concepts ကို အင်္ဂလိပ်ဘာသာဖြစ်သော်လည်းကောင်း၊ OU နှင့် လျှောက်ထားသူသို့ နှစ်ဘက်သဘောတူ လက်ခံထားသည့် ဘာသာစကားတစ်ခုခုဖြင့်သော်လည်းကောင်း တင်ပြနိုင်သည်။

OU က ပေးပို့ပြီးနောက် တစ်ပတ်အတွင်း လက်ခံရရှိကြောင်း အကြောင်းကြားမည်။ ယခု APS ၏ အခန်း(၉)တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များကို အခြေခံပြီး concepts အားလုံးကို လေ့လာသုံးသပ်မည်။

<u>အဆင့်(၃)</u>။ ။ အကယ်၍ အပြည့်အဝ လျှောက်ထားခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရန် ရွေးချယ်ခြင်းခံရပါက သက်ဆိုင်ရာ OU မှ Agreement Officer (AO) က ဆက်သွယ်လာပါမည်။ ၄င်းက အပြည့်အစုံလျှောက် ထားလွှာအတွက် နောက်ဆုံးတင်ရမည့်နေ့စွဲနှင့် ပုံစံ/ညွှန်ကြားချက်များကို ပေးပါမည်။ ရွေးချယ်ခြင်းမခံရပါကလည်း လျှောက်ထားသူများကို အကြောင်းကြားပါမည်။ OU တစ်ခုသည် လုပ်ငန်းအဆိုပြုလွှာအကျဉ်းချုပ် အားလုံးကို သုံးသပ်အကဲဖြတ်ပြီး ရွေးချယ်ခံရ သောလျှောက်ထားသူကို ဖိတ်ခေါ်ပြီး ကာလတစ်ခုအထိ လက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။ ထိုကာလတွင် တစ်ဖွဲ့ချင်း (သို့မဟုတ်) တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကာ ချဉ်းကပ်မှု(များ)ကို ဆွေးနွေး တိုင်ပင်ပြီး ပြန်လည်မွမ်းမံပါမည်။ ၄င်းအစုအဖွဲ့များသည် OU က စဉ်းစားဆုံးဖြတ်ပေးနိုင်ရန် လုပ်ငန်း အဆိုပြုလွှာအကျဉ်းချုပ် အသစ်များကို တင်ပြရပါမည်။

<u>အဆင့်(၄)</u>။ ။ လျှောက်ထားသော အဖွဲ့အစည်းသည် OU နှင့် ပူးပေါင်းဆောင်ရွက်ပြီး လျှောက်ထားချက် အပြည့်အစုံကို ရေးရမည်။ လျှောက်ထားချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စွမ်းရည်ဖွံ့ဖြိုးရေးအတွက် မည်သည့်နည်းပညာဆိုင်ရာ အထောက်အပံ့/ပံ့ပိုးမှုမဆိုသည် သက်ဆိုင် ရာနိုင်ငံအတွင်း မှတ်ပုံတင်ထားသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များထံမှဖြစ်စေရေး သေချာရန် တိုက်တွန်းပါသည်။ သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းတွင် ကူညီနိုင်မှု မလုံလောက်ပါက ဒေသတွင်းတွင် ရနိုင်ရန် ဖြစ်နိုင်ချေများကို စဉ်းစားရေး တိုက်တွန်းပါသည်။

<u>အဆင့်(၅)</u>။ ။ လျှောက်ထားသောအဖွဲ့အစည်းများသည် လျှောက်လွှာအပြည့်အစုံကို သတ်မှတ်ထားသည့် စက်တင်ဘာ(၃)ရက်နေ့အမီ အီးမေး(လ်)နှင့် ပို့ရပါမည်။ ပေးပို့ရာတွင် နည်းပညာဆိုင်ရာ အခက်အခဲ များ ရှိပါက OU POC သို့ အကြံဉာဏ်ရယူရန် ဆက်သွယ်ပါ။

အဆင့်(၆)။ ။ လျှောက်လွှာအပြည့်အစုံကို ရွေးချယ်ရေး ကော်မတီက သုံးသပ် အကဲဖြတ်ပါမည်။

အဆင့်(၇)။ ။ လျှောက်ထားသောအဖွဲ့အစည်းကို ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြစ်သော "လျှောက်လွှာကို အတည်ပြုကောင်းပြုမည်"ဆိုသည့်အချက်ကို AO က အကြောင်းကြားမည်။ AO သည် ထောက်ပံ့ငွေမပေးခင် လိုအပ်ချက်များအားလုံးကိုလည်း အကြောင်းကြားမည်။ နည်းပညာပိုင်းနှင့် ကုန်ကျ စရိတ်ပိုင်းဆိုင်ရာတို့နှင့် ပတ်သက်သော ထပ်ဆောင်းညှိနှိုင်းမှုများလိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။ USAID ၏ ရံပုံငွေမှ ထောက်ပံ့မှုကို လက်ခံရရှိမည်ဟု အလားအလာရှိသည့် USAID သို့ ပထမဦးဆုံးသော လျှောက်ဖူးသည့် လျှောက်ထားသော အဖွဲ့အစည်းများအားလုံးသည် လျှောက်ထားသောအဖွဲ့အစည်းများက USAID ၏ ထောက်ပံ့မှုကို လက်ခံရန်သင့်လျော်သော လုပ်ငန်းစဉ်များ ရှိမရှိ အတည်ပြုနိုင်ရန် "ထောက်ပံ့ငွေ မပေးအပ်မီ စုံစမ်းခြင်းကိုပြုလုပ်မည်ဖြစ်သည်။ ကျေးဇူးပြု၍ ADS 303.3.8 နှင့် ADS 303.3.9 ကို လေ့လာပါရန်။

အဆင့်(၈)။ ။ AO က ထောက်ပံ့မှုဆိုင်ရာ စာရွက်စာတမ်းများကို လက်မှတ်ထိုးပြီး လျှောက်ထားသူထံ ပေးပို့မည်။

ဤ APS နှင့် ပတ်သက်သော အထွေထွေ မေးမြန်းချက်များနှင့် ပတ်သက်ပြီး "ဒေသခံဆိုင်ရာရေရှည်တည်တံ့ရေးရုံး"ရှိ Locally Led Development APS Activity Manager ကို LLD-APS@usaid.gov မှတဆင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နောက်ဆက်တွဲကြေငြာချက်ကို ထုတ်ပြန်သော USAID OUs သည် အောက်ဖော်ပြပါအချက်များ ကို Locally Led Development APS Activity Manager နှင့် ဝေမျှရမည်ဖြစ်သည်။

- အဆိုပြုသော နောက်ဆက်တွဲကြေငြာချက် (အတည်ပြုချက်ရယူရန်)

- တင်ပြလာသော လျှောက်လွှာအပြည့်အစုံအားလုံး (သတင်းအချက်အလက်အတွက်)

- ထောက်ပံ့ငွေရရှိသော လျှောက်ထားသောအဖွဲ့အစည်းများထံမှ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် သင်ယူလေ့လာခြင်းဆိုင်ရာ မည်သည့်အစီရင်ခံခြင်းမဆို (သတင်းအချက်အလက်အတွက်)

- ထောက်ပံ့ငွေရရှိသော လျှောက်ထားသောအဖွဲ့အစည်းများထံမှ အသိပညာရဖွယ်စာအုပ်၊ စာတမ်း၊ အစီရင်ခံစာ စသော Product များ (သတင်းအချက်အလက်အတွက်)

**<u>အခန်း(၉)။ ။ Concept ကို လေ့လာသုံးသပ်မည့် စံသတ်မှတ်ချက်များ</u>**

**အနည်းဆုံးလိုအပ်ချက်များ**

အောက်ဖော်ပြပါ လိုအပ်ချက်များနှင့် မကိုက်ညီသော concept များနှင့် အပြည့်အစုံ လျှောက်ထားလွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

(၁) လျှောက်ထားသူသည် အခန်း(၂) ''လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့်အရည်အချင်း''တွင် ပါရှိသည့် အရည်အချင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်။

(၂) Concept/ လျှောက်လွှာ အပြည့်အစုံတွင် အခန်း(၃) ''လေ့လာသင့်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက်များ''တွင် ဖော်ပြထားသည့် အချက်များအနက် အနည်းဆုံး တစ်ခု ပါဝင်ရမည်။

(၃) concept / လျှောက်လွှာ အပြည့်အစုံတွင် သက်ဆိုင်ရာ ''နောက်ဆက်တွဲ ကြေငြာချက်''တွင် ဖော်ပြထားသော ဒေသခံရင်းမြစ်များသို့ ချဉ်းကပ်ခြင်းများ အနက် အနည်းဆုံးတစ်ခုပါဝင်ရမည်။

(၄) လျှောက်ထားသူက တောင်းခံလာသော ထောက်ပံ့ငွေပမာဏသည် ဒေသခံ အခြေအနေတွင် ရေရှည်တည်တံ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် ၎င်းလျှောက်ထားသူ၏ လုပ်ကိုင်နိုင်စွမ်းထက် မကျော်လွန်ရပါ။

**<u>ပြင်ပမှ သုံးသပ်အကဲဖြတ် စစ်ဆေးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ</u>**

အနည်းဆုံး လိုအပ်ချက်များနှင့် ကိုက်ညီသည့် concepts နှင့် လျှောက်လွှာ အပြည့်အစုံများကို သက်ဆိုင်ရာ OU က သုံးသပ်အကဲဖြတ်ရန် ဤသို့ သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်ကို အသုံးပြုမည်။ OUs က စံသတ်မှတ်ချက်တစ်ခုစီကို အောက်ပါအတိုင်း သုံးသပ် အကဲဖြတ်သတ်မှတ်သွားမည်။

- ထူးချွန်သည်။
- အလွန်ကောင်းသည်။
- ကောင်းသည်။
- အောင်မှတ်ရယုံသာ ရှိသည်။ (သာမန်မျှသာ)
- မအောင်မြင်ပါ။

ပြင်ပစစ်ဆေးခြင်းသည် ပဓာနကျသော်လည်း ငွေကြေးကုန်ကျစရိတ်ကို ထောက်ပံ့ငွေ ပေးခြင်းတွင် အချက်တစ်ချက်အဖြစ် စဉ်းစားမည်။ အမေရိကန်အစိုးရသည် တင်ပြတောင်းခံသည့် ငွေပမာဏအနည်းဆုံးဖြစ်သော လျှောက်ထားသူ သို့မဟုတ် ပြင်ပက စစ်ဆေးခြင်းတွင် သုံးသပ်ချက်ရလဒ် အကောင်းဆုံးဖြစ်သူ စသော အချက်များကိုသာ အဓိကကြည့်ပြီး ငွေကြေး ထောက်ပံ့ပေးရန် တာဝန်မရှိပါ။

**(က) ဒေသခံက တာဝန်ယူမှု၊ ဦးဆောင်မှုနှင့် ဒေသခံ ဦးစားပေးမှုများ**

လျှောက်ထားသော အဖွဲ့အစည်းသည် မိမိဒေသ၏ အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ/တာဝန်ခံမှုနှင့် မိမိက လုပ်ငန်းဆောင်ရွက်ပေးမည့် လူထုအပေါ် စိတ်ပါဝင်စားပြီး လိုလိုလားလားရှိရမည်။ အဆိုပြုသော ချဉ်းကပ်မှုသည် လုပ်ငန်း စတင်

မဆောင်ရွက်မည့် ဒေသခံ ဦးစားပေးမှုများကို သေချာစွာ တုန့်ပြန်ဆောင်ရွက်သင့်သည်။ သို့မဟုတ် ဒေသခံ ဦးစားပေးမှုများကို ဆုံးဖြတ်ရန် နည်းလမ်းကို ဖော်ပြသင့်သည်။ အဆိုပြုသော ချဉ်းကပ်မှုနှင့် အဆိုပြုသောလုပ်ငန်းတွင် ပါဝင်သော အဖွဲ့များ၊ ပုဂ္ဂိုလ်များ ၎င်းတို့၏ ရင်းမြစ်ကို ဝေမျှသုံးစွဲဆောင်ရွက်ခြင်းများ (teaming arrangement) သည် ဒေသခံ ဆောင်ရွက်သူများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ ဦးစားပေးအချက်များ၏ တည်ရာကို ထိရောက်စွာ ရွှေ့ပြောင်းသင့်သည်။

**(ခ) ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ရောက်မှု**

အဆိုပြုသော ချဉ်းကပ်မှုသည် OU က ထုတ်ပြန်သော နောက်ဆက်တွဲ ကြေငြာချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ဦးတည်ချက်များနှင့် ချိန်ညှိနိုင်ရမည် ဖြစ်သည်။ ထို့အပြင် အဆိုပါ ချဉ်းကပ်မှုသည် မျှော်မှန်းထားသော ရလဒ်များနှင့် အကျိုးသက်ရောက်မှုများသို့ ဦးတည်သည့် ''ပြောင်းလဲခြင်းဆိုင်ရာ အယူအဆသဘောတရား'' (Theory of change) ကို ရှင်းလင်းစွာ ဖော်ပြနိုင်ရမည်။ အဆိုပြုသော ချဉ်းကပ်မှုသည် USAID ၏ ''ကျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့် စွမ်းရည် မြှင့်တင်ရေးမူဝါဒ''အရ စီမံကိန်းပုံစံ ရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနှင့် ဝန်ထမ်းခန့်ထားမှုတို့တွင် ကျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့်စွမ်းရည် မြှင့်တင်ရေးကို ထည့်သွင်းစဉ်းစားသင့်သည်။

**(ဂ) လေ့လာသင်ယူခြင်း**

E3/LS သည် USAID အတွက် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးမှု၊ ဒေသခံလုပ်ဖော်ကိုင်ဖက်များနှင့် ဖွံ့ဖြိုးရေးကို လုပ်ဆောင်သည့် ရပ်ရွာလူ့အဖွဲ့အစည်းတို့၏ ဆောင်ရွက်လုပ်ကိုင်ပုံများ တိုးတက်လာစေရန် ''လေ့လာသင်ယူခြင်း''ကို ဖြစ်မြောက်စေရန်နှင့် ဝေမျှရန် များစွာ ကတိကဝတ်

ပြုပါသည်။ လျှောက်ထားသော အဖွဲ့အစည်းသည် အဆိုပြုသော ''လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက် သို့မဟုတ် အချက်အလက်များ''ကို နားလည်ကြောင်းပြသပြီး၊ အဆိုပါ အချက်အလက် သို့မဟုတ် အချက်အလက်များနှင့် ဆက်စပ်နေသော လေ့လာသင်ယူခြင်းကို အသုံးချခြင်းသည် ၎င်းတို့ ချဉ်းကပ်မှု၏ အလုံးစုံသော ရည်မှန်းချက်များကို မည်သို့ အထောက်အကူဖြစ်စေကြောင်း ပြသင့်သည်။

လျှောက်ထားသောအဖွဲ့အစည်းသည် ၎င်းတို့ အဆိုပြုသော ချဉ်းကပ်မှုကို ဆောင်ရွက်ရာတွင် အမှန်တကယ် ဖြစ်ပေါ်မှုများ ပြောင်းသွားခြင်းကို တုန့်ပြန်ရန်ပြုလွယ် ပြောင်းလွယ်ရှိခြင်း၊ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေပြုပြင်နိုင်သော စီမံခန့်ခွဲမှုအတွက် ကတိကဝတ်ကို ပြသသည်။

**(ဃ) ဒေသခံစနစ်များကို ခိုင်မာအားကောင်းစေခြင်း**

USAID ၏ ယခုအလုပ်အတွက် ရင်းနှီးမြှုပ်နှံမှုသည် ဒေသခံရင်းမြစ်များကို ခိုင်မာအားကောင်းစေရေးနှင့် တိုင်းပြည်၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု ပိုမို ကျယ်ပြန့်လာစေရေးကို မျှော်လင့်သည်။ ထိုချဉ်းကပ်မှုသည်ပင်လျှင် တိုင်းပြည်တွင်း (သို့မဟုတ်) ဒေသတစ်ခုအတွင်း ဖွံ့ဖြိုးမှုရလဒ်ကို အချိန်နှင့်အမျှ တည်တံ့စေမည့် ဒေသခံစနစ်တစ်ခုကို အားဖြည့်သည်။ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများအပြင် အခြား မည်သည့် ဆောင်ရွက်မှုမျိုးမဆို USAID ၏ ထောက်ပံ့မှုကာလပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများသည် USAID ၏ ရန်ပုံငွေ ဆက်လက်ထောက်ပံ့မှုမရှိဘဲ သို့မဟုတ် ပါဝင်ပတ်သက်မှုမရှိဘဲ ရေရှည်ဆက်လက်တည်တံ့နိုင်ရမည်။

**<u>အခန်း(၁၀)။ ။ Concept များကို ဝေမျှခြင်း</u>**

အကယ်၍ USAID က USAID ၏ အခြားငွေကြေးထောက်ပံ့သည့် အစီအစဉ်များ၊ အခြား အလားအလာရှိသည့် ငွေကြေးထောက်ပံ့သူများနှင့်/ သို့မဟုတ် ပြင်ပလုပ်ဖော်ကိုင်ဖက်များနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် Concept တစ်ခု သို့မဟုတ် လျှောက်ထားလွှာတစ်ခုကို ပိုမိုခိုင်မာအားကောင်းလာစေရန် သို့မဟုတ် ငွေကြေးထောက်ပံ့ရန် အခွင့်အလမ်းပေါ်ပေါက်သည်ဟု သတ်မှတ်ပါက USAID သည် concept တစ်ခု သို့မဟုတ် လျှောက်ထားလွှာတစ်ခုကို သင့်တော်သလို စဉ်းစားကူညီပေးနိုင် ရန် မိမိအဖွဲ့အစည်း အတွင်း သို့မဟုတ် ပြင်ပကို ဝေမျှပေးမည် ဖြစ်သည်။

**Attachment A ။ ။ လျှောက်ထားသူများအတွက် Concept ပုံစံဆိုင်ရာ ညွှန်ကြားချက်များ**

Concept နှင့် ၎င်း concept ဆိုင်ရာ သက်ဆိုင်သည့် သတင်းအချက်အလက်များကို လျှောက်ထားသူက ထောက်ပံ့ငွေ ရရှိရန် လျှောက်ထားမည့် USAID OU မှ POC ထံ တင်ပြရပါမည်။ လျှောက်ထားသူများသည် OU ထံမှ အတိအကျ သတ်မှတ်ထားသော လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်မှုများကို သိရှိနိုင်ရန် သက်ဆိုင်ရာ ''နောက်ဆက်တွဲ ကြေငြာချက်ကို လေ့လာပြီး အကြံအဥ ဏ်ရယူရမည်ဖြစ်သည်။ concept များကို OU ၏ သဘောတူညီချက်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့် တင်ပြလျှောက်ထားနိုင်ပါသည်။

- လုပ်ငန်းအဆိုပြုလွှာ (concept paper) တစ်ခုသည် စုစုပေါင်းငါးမျက်နှာထက် မပိုရပါ။
- Powerpoint ဖြင့် တင်ပြလျှောက်ထားလျှင် ဆလိုက် ၁၀ ခုထက် မပိုရပါ။
- နှုတ်ဖြင့် တင်ပြလျှောက်ထားမည်ဆိုပါက မိနစ် ၂၀ ထက်မပိုရပါ။ အကယ်၍ OU က နှုတ်ဖြင့် တင်ပြခြင်းက ဆီလျော်သည်ဟု ဆုံးဖြတ်လျှင် အောက်တွင် ရှင်းလင်းဖော်ပြထားသော ''သတင်းအချက်အလက်အကျဉ်းချုပ်''ကို OU ထံသို့ အီးမေးလ်ဖြင့် ပေးပို့ရပါမည်။
- စာဖြင့် ရေးသားတင်ပြခြင်းနှင့် နှုတ်ဖြင့် တင်ပြခြင်း နှစ်ခုပေါင်းပြီး တင်ပြလျှောက်ထားလျှင် သင့်လျော်သည်ဟု OU က မှတ်ယူလျှင် တင်ပြနိုင်ပါသည်။

လျှောက်ထားသူများသည် concept တို့ကို အင်္ဂလိပ်ဘာသာ သို့မဟုတ် အတည်ပြုချက် ရပြီးသော ဒေသခံဘာသာစကားဖြင့် တင်ပြနိုင်သည်။ concept များတွင် အနည်းဆုံး အောက်ပါ အချက်အလက်များ ပါဝင်ရပါမည်။

**(က) သတင်းအချက်အလက်အကျဉ်းချုပ်**

(က) လျှောက်ထားသောအဖွဲ့အစည်း၏ အမည်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ နေရပ်လိပ်စာနှင့် အီးမေးလ်လိပ်စာ

(ခ) အဖွဲ့အစည်း၏ ပုံစံနှင့် တရားဝင်မှတ်ပုံတင်ထားသည့်နိုင်ငံ

(ဂ) လျှောက်ထားသော အဖွဲ့အစည်းသည် လွန်ခဲ့သော ၅ နှစ်အတွင်း USAID ထံမှ အမေရိကန်ဒေါ်လာ ၅ သန်းထက်ပို၍ မရဖူးကြောင်း တရားဝင်ဖော်ပြ ချက်

(ဃ) အဆိုပြုသော လုပ်ငန်း၏ ခေါင်းစဉ်

(င) အဆိုပြုသောလုပ်ငန်း၏ တည်နေရာ

(စ) လုပ်ငန်းအဆိုပြုချက်တစ်ခုအပေါ်တွင် ပူးတွဲဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံ (အကယ်၍ ဤသို့ ပူးတွဲဆောင်ရွက်မည့်အဖွဲ့ရှိခဲ့လျှင်)

(ဆ) လျှောက်ထားသော အဖွဲ့အစည်းက လျှောက်လွှာတင်လိုက်သည့် USAID OU ၏ အမည်

(ဇ) လုပ်ငန်း၏ အလုံးစုံရည်မှန်းချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်းခန့် ရေးပါ။

(ဈ) အဆိုပြုသော လုပ်ငန်းတွင် ပါဝင်သည့် ''လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေး အချက်အလက်များ''ကို အကျဉ်းချုပ်ဖော်ပြချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်းခန့် ရေးပါ။)

(ည) အဆိုပြုသောလုပ်ငန်းတွင် ပါဝင်သည့် ဒေသခံရင်းမြစ်များကို ချဉ်းကပ်ခြင်း ဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်း ခန့် ရေးပါ။)

(ဋ) USAID ထံမှ တောင်းခံသည့် ထောက်ပံ့ငွေ $ ___________

(ဌ) တင်ပြတောင်းခံသော ငွေပမာဏသည် အဖွဲ့အစည်း၏ လက်ရှိ ရင်းမြစ် များနှင့် ပိုမိုကြီးထွားလာနိုင်မည့် စွမ်းရည်ကို မည်သို့ ကျိုးကြောင်းဆီလျော် စွာ ထင်ဟပ်မည်နည်းဆိုသည်ကို ရှင်းလင်းချက်

**(ခ) <u>စာဖြင့် အသေးစိတ်ရေးသားပုံဖော်ခြင်း (Narrative Description)</u>**

အောင်မြင်သော narrative description များတွင် အောက်ဖော်ပြပါ အချက်အလက် များကို ဆွေးနွေးချက် ပါဝင်မည်ဖြစ်သည်။ အချက်အလက်တစ်ခုစီသည် အခန်း(၉) ''Concept ကို လေ့လာသုံးသပ်မည့်စံသတ်မှတ်ချက်များ''တွင် ပါရှိသည့် အတိအကျ သတ်မှတ်ထားသော ''ပြင်ပမှ သုံးသပ်အကဲဖြတ် စစ်ဆေးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ'' နှင့် ချိန်ညှိကိုက်ညီမှုရှိသည်ဆိုသည်ကို မှတ်သားထားစေလိုပါသည်။

**ဒေသခံက တာဝန်ယူမှု၊ ဦးဆောင်မှုနှင့် ဒေသခံ၏ ဦးစားပေးမှုများနှင့် ဆီလျော်မှု**

- Concept က ဖြေရှင်းမည့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် စိန်ခေါ်မှုက အဘယ်နည်း။
- ဒေသခံပြည်သူများက စိန်ခေါ်မှုကို မည်သို့ ကြုံတွေ့ရသနည်း?
- အဆိုပြုသော ချဉ်းကပ်မှုက အဘယ်နည်း?
- ဒေသခံ လုပ်ငန်းဆောင်ရွက်လှုပ်ရှားသူများက ဦးစားပေးလုပ်ဆောင်ရမည့် အရာများ ချမှတ်ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း ကိစ္စရပ်များတွင် မည်သို့ ဦးဆောင်မည်နည်း?
- ချဉ်းကပ်မှုအတွက် မည်သည့်လုပ်ငန်းလက်တွဲဆောင်ဖော်မဆိုမဆိုက မည်သို့ပါဝင်မည်နည်း?

ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ရောက်မှု

- ချဉ်းကပ်မှုသည် နောက်ဆက်တွဲကြေငြာချက်၏ ရည်မှန်းချက်များနှင့် မည်သို့ ချိန်ညှိကိုက်ညီမှုရှိသနည်း?
- ''Theory of change'' ဆိုသည်မှာ အဘယ်နည်း?
- ချဉ်းကပ်မှုက ဂျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့်စွမ်းရည်မြှင့်တင်ရေးကို မည်သို့ ထည့်သွင်းစဉ်းစားမည်နည်း?

**လေ့လာသင်ယူခြင်း**

- ချဉ်းကပ်မှုသည် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်ပုံများ တိုးတက်လာရေးအတွက် အတိအကျသတ်မှတ်ထားသော လေ့လာသင်ယူခြင်းကို ဖြစ်မြောက်စေရန်နှင့် ဝေမျှရန် မည်သို့ ပြုလုပ်မည်နည်း?
- လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးမှု (သို့မဟုတ်) ဦးစားပေးမှုများက အဘယ်နည်း?
- ဦးစားပေးမှု သို့မဟုတ် ဦးစားပေးမှုများကို အာရုံစိုက်ခြင်းက ချဉ်းကပ်မှု၏ အလုံးစုံသော ရည်မှန်းချက် ပန်းတိုင်များကို မည်သို့ တိုးတက်စေမည်နည်း?
- ဒေသခံအခြေအနေတွင် အမှန်တကယ် ဖြစ်ပေါ်မှုများ ပြောင်းသွားသည့်အခါ ချဉ်းကပ်မှုက လိုက်လျောညီထွေရှိအောင် မည်သို့ ဆောင်ရွက်မည်နည်း?

**ဒေသခံစနစ်များကို ခိုင်မာအားကောင်းစေခြင်း**

- ချဉ်းကပ်မှုက ဒေသခံရင်းမြစ်များကို ပိုမိုအားကောင်းလာစေရေးနှင့် တိုင်းပြည်၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု ပိုမိုမြင့်မားလာစေရေးကို မည်သို့ အကျိုးပြုမည်နည်း?
- ချဉ်းကပ်မှုက ဖွံ့ဖြိုးမှုရလဒ်ကို အချိန်နှင့်အမျှ တည်တံ့စေရန် တိုင်းပြည်တွင်း (သို့မဟုတ်) ဒေသတစ်ခုအတွင်းရှိ ဒေသခံစနစ်တစ်ခုကို မည်သို့ အားဖြည့်ပေးမည်နည်း?
- USAID ၏ ထောက်ပံ့မှုပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် ရလဒ်များ၊ အကျိုးသက်ရောက်မှုများအပြင် မည်သည့်လုပ်ငန်းဆောင်ရွက်မှုမျိုးမဆိုသည် USAID

၏ ရန်ပုံငွေ ဆက်လက်ထောက်ပံ့မှု မရှိဘဲ (သို့မဟုတ်) ပါဝင်ပတ်သက်မှု မရှိဘဲ မည်သို့ ရေရှည်ဆက်လက်တည်တံ့နိုင်မည်နည်း?